# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 4 , 2023 Volume 73, Number 2


၄.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၈၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၁၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၂.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၄.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၆၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၁၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့ထောပတ်သီးများကို ပြည်ပမှ ကမ်းလှမ်းမှုများနေပေမဲ့ ဒေသတွင်းနိုင်ငံများနှင့် ပြည်တွင်းဈေးကွက်ကိုသာ အဓိကရောင်းချမည်




ယခုနှစ် ထောပတ်သီးရာသီချိန်မှာ ထွက်ရှိတဲ့ မြန်မာ့ထောပတ်သီးများကို ပြည်ပမှ ကမ်းလှမ်းမှု များပြားနေပေမဲ့ အိမ်နီးချင်းနိုင်ငံများနှင့် ပြည်တွင်းဈေးကွက်ကိုသာ အဓိကထား ရောင်းချသွားမယ်လို့ မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ သိရှိရပါ တယ်။

အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက အီးယူတို့၊ ဒူဘိုင်းတို့ကလည်း တင်သွင်းဖို့ ကမ်းလှမ်းချက်တွေ အရမ်းများတယ်၊ ဒါပေမဲ့ ခရီးဝေးတဲ့အတွက် ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ စင်ကာပူနဲ့ မလေးရှားနိုင်ငံတွေကိုပဲ တင်ပို့မှာပါ။ ဒီနှစ် ပြည်တွင်းမှာလည်း ထောပတ်သီးဈေးကောင်းတယ်လို့ နိုင်ငံပိုင်မီဒီယာနဲ့ အင်တာဗျူးတစ်ခုမှာ ပြောဆိုထားပါတယ်။

လက်ရှိတွင်လည်း ထိုင်းနိုင်ငံသို့ မြန်မာ့ထောပတ်သီးများ တရားဝင်တင်ပို့နိုင်ရန် သက်ဆိုင်ရာမှတစ်ဆင့် ဆွေးနွေးမှုများရှိနေပြီး တရားဝင်တင်ပို့ခွင့်ရပါက တောင်သူများအတွက် အခွင့်အလမ်းပိုမိုရရှိနိုင်တယ်လို့လည်း သိရှိရပါတယ်။

ပြည်တွင်း၌ ထောပတ်သီးတစ်ကီလိုလျှင် ခြံထွက်ဈေး ၄,၀၀၀ ကျပ် အထိရှိပြီး လက်လီဈေး တစ်ကီလိုလျှင် ၇,၀၀၀ ကျပ်အထိ ရောင်းချလျက်ရှိကြောင်းလည်း သိရှိရပါတယ်။

ယခုနှစ် ထောပတ်သီး ကြမ်းခင်းဈေးကောင်းနေပြီး ရာသီပိတ်ချိန်တွင်လည်း တစ်ကီလို ကျပ် ၆,၀၀၀ ၊ ၇,၀၀၀ ခန့် ရရှိဖို့မျှော်မှန်းထားကြောင်း၊ လတ်တလောတွင်လည်း ပြည်တွင်းဈေးကွက်ကောင်းနေတာကြောင့် ပြည်တွင်းဈေးကွက်ကို ကြိုးစားတိုးချဲ့သွားမယ်လို့လည်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရှိရပါတယ်။

**MFN မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ Digital e-Commerce Platform တွင် MSMEs များနှင့် မြန်မာပို့ကုန်လုပ်ငန်းရှင်များ ပါဝင်အသုံးပြုနိုင်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် MSMEs လုပ်ငန်းရှင်များ၊ မြန်မာပို့ကုန်လုပ်ငန်းရှင်များနှင့် ပြည်ပမှ Buyer များအား ကုန်သွယ်ရေးလုပ်ငန်းများတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းများ ပိုမိုဖြစ်ပေါ်စေရန် ရည်ရွယ်၍ Digital e-Commerce Platform ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ရေးဆွဲတည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာပို့ကုန်လုပ်ငန်းရှင်များ၏ လုပ်ငန်းနှင့် ထုတ်ကုန်ဆိုင်ရာအချက်အလက်များကို ပိုမို၍အနီးကပ်ဆောင်ရွက်နိုင်ရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ Digital e-Commerce Platform ပေါ်တွင် အဖွဲ့ဝင် (Registration) ပြုလုပ်၍ Account တစ်ခုရယူကာ အသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရှိရပါသည်။

Source: Myantrade

## ပြည်ပဝယ်လိုအားကြောင့် ဈေးကောင်းလာနိုင်သည့် ငရုတ်ဈေးကွက်



ပြည်တွင်းငရုတ်သီးဈေးကွက်တွင် နိုဝင်ဘာတတိယပတ်က ဈေးထက် အနည်းငယ်ကျဆင်းခဲ့ကာ ဈေးမငြိမ်ဖြစ်နေသော်လည်း ထိုင်းဘက်မှ ငရုတ်သီးဝယ်လိုအား ရှိလာနိုင်သည့်အပြင် တရုတ်ဈေးကွက်မှ စတင်ဝယ်ယူနေပြီဖြစ်၍ ဈေးကောင်းရလာနိုင်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကူမဲ၊ မိတ္ထီလာဘက်တွင် စိုက်ပျိုးမှု နောက်ကျခဲ့သော ငရုတ်သီးများ ထွက်ပေါ်လာတော့မည်ဖြစ်၍ ပြည်ပဝယ်ယူမှုရှိလာသဖြင့် ဈေးကောင်းရလာနိုင်တော့မည်ဟု ငရုတ်ပွဲစားတစ်ဦးက ပြောသည်။ “ငရုတ်သီးက ဧရာဝတီတိုင်းဘက်က ထွက်နေပြီ။ ဖေဖော်ဝါရီဆိုရင် အများကြီးထွက်တော့မယ်။ ထိုင်းဘက်မှာ ငရုတ်ရာသီကုန်တော့မယ်ဆိုတော့ လိုအပ်ချက်ရှိလာပြီဖြစ်လို့ မြန်မာငရုတ်က ဈေးကောင်းရလာနိုင်တယ်။ တရုတ်ဘက်ကလည်း ဝယ်နေပြီ။ မန္တလေး-ကျိုင်းတုံ-မိုင်းလား လမ်းပိုင်းကနေသွားတာပါ”ဟု ၎င်းကပြောသည်။

ငရုတ်သီးဈေးကွက်တွင် တစ်ပိဿာ ငွေကျပ် ၁၅၀၀ မှ ၃၀၀၀ ဝန်းကျင်ပေါက်ဈေးရှိရာ ဈေးမတည်ငြိမ်သော်လည်း ယခုရက်ပိုင်းတွင် ငရုတ်သီးကို တရုတ်ဘက်မှ တစ်ပိဿာငွေကျပ် ၅၀၀၀ ဖြင့် ကြမ်းခင်းဈေးဖွင့်ဝယ်ယူနေကြောင်းသိရသည်။ “ဧရာဝတီတိုင်းဒေသကြီးက ငရုတ်စတင်ထွက်နေပြီး ကျောက်ဆည်ဘက်က တုန်းသွားပြီ။ ကူမဲ၊ မိတ္ထီလာဘက်က ထွက်တော့မယ်။ ငရုတ်သီးဖြန်းအားကောင်းဖို့လုပ်ရမှာပါ။ ထိုင်းဘက်ကို တင်ပို့တဲ့အခါ နယ်စပ်ဂိတ်တွေ ကို အားကိုးရတာပါ။ ကားခဈေးကြီးတာနဲ့ အခွန်အခနှုန်းထားတွေကြောင့် ဈေးကောင်းရဖို့တော့လိုတယ်”ဟု ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်း၌ စစ်ကိုင်း၊ ရှမ်း၊ မကွေးစတဲ့ ဒေသအသီးသီးအားလုံးက စိုက်ပျိုးသူများပြားလာသည့်အတွက် ထွက်အားလည်းကောင်းလာသဖြင့် ပြည်ပဈေးကွက်ဝယ်လိုအားလိုအပ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ လာမည့်ဖေဖော်ဝါရီလတွင် လှိုင်လှိုင်ထွက်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၃၅,၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၃၅,၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြ၍သိရသည်။ မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၁၄,၅၀၀ ထိသာ တင်ပို့ရောင်းချ

နိုင်ခဲ့ပြီး၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်အတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၃၅,၅၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ မအူပင်မြို့နယ်မှ ထွက်ရှိသည့်မတ်ပဲများကို မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်စျေးကွက်ကို နိုဝင်ဘာလထဲမှာ မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၃၅,၅၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိလည်း ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပစျေးကွက်က ပြန်လည်ဝယ်ယူမှု အားကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ ကောင်းလာတာဖြစ်ပါတယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ဒီဘက်က ကုန်သည်ပွဲရုံလုပ်ငန်းရှင်တွေက ရန်ကုန်မြို့ကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ မတ်ပဲနဲ့ပဲတီစိမ်းတွေကိုတော့ ပြည်ပစျေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကို အများဆုံးတင်ပို့ ရောင်းချတာပါ။ အခုပြည်ပစျေးကွက်က တော်တော်အဝယ်လိုက်လာတယ်လို့သိရပါတယ်"ဟု မအူပင်မြို့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်တင်တင်နွယ်ကပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁,၂၆,၀၀၀ ထိ စျေးပေါက်နေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## အတက်အကျစျေး မတည်ငြိမ်သော်လည်း အရောင်းအဝယ်ကောင်းနေသည့် နှမ်းနက်စျေးကွက်

သီတင်းပတ်အတွင်း အတက်အကျစျေးမတည်ဘဲ အရောင်းအဝယ်ကောင်းနေသည်မှာ နှမ်းနက်တစ်မျိုးသာရှိကြောင်း ပဲ၊ နှမ်း ကုန်သည်များထံက သိရသည်။

လက်ရှိနယ်စပ်တင်ပို့နိုင်မှု အခြေအနေအရ နှမ်းနက်စျေးကွက်မှာ အမြင့်စျေးမှာကျဆင်းသွားသော်လည်း ပေါက်စျေးအတိုင်း အရောင်းအဝယ်ကောင်းနေသည့် သီးနှံအမည်တစ်ခုဖြစ်နေပြီး ကျန်ပဲများမှာ အရောင်းအဝယ် ခပ်အေးအေးသာ ရှိနေခြင်းဖြစ်သည်။

ပဲ၊ နှမ်းစျေးကွက်တစ်ခုလုံး အရောင်းအဝယ်ခပ်အေးအေးသာရှိနေကြောင်း နှမ်းတစ်မျိုးသာ စျေးကွက်ပေါက်စျေး အတက်အကျအတိုင်း အရောင်းကောင်းနေကြောင်း တရုတ်လိုင်းအဝယ်မရှိတာကြောင့် မြေပဲဆန်မှာ စျေးကျဆင်းနေကာ ပြည်တွင်းဆီစက်ပိုင်များသာ အဝယ်ရှိနေကြောင်း၊ လက်ရှိကာလ ကထိန်ရာသီဖြစ်တာကြောင့် လက်လီစျေးကွက် ကုလားပဲအုပ်စု အရောင်းကောင်းနေကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။ "ပဲ၊ နှမ်းစျေးကွက်တစ်ခုလုံး အရောင်းအဝယ် ခပ်အေးအေးသာ ရှိနေပါတယ်။ နှမ်းတစ်မျိုးသာ တက်စျေးကျစျေးအတိုင်း အရောင်းအဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်း စျေးနှုန်းအတက်အကျ မြန်ခဲ့ပါတယ်။ ပဲမာလိုင်းများမှာလည်း စျေးအေးနေပါတယ်။ ကထိန်ရာသီမို့ လက်လီစျေးမှာ ကုလားပဲ အရောင်းကောင်းခဲ့ပါတယ်။ စျေးကွက်တစ်ခုခြုံပြောရင် အရောင်းအဝယ်ပါးနေပါတယ်။ လာမည့် ဇန်နဝါရီ ပဲသစ်ပေါ်ချိန် မတိုင်မီအထိ အရောင်းအဝယ်အေးမှာပါ"ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၁ ရက် ပေါက်စျေးများမှာ သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂,၆၂,၅၀၀ ပေါက်စျေးထိ ဆက်လက်ကျဆင်းနေပြီး ပဲစင်းငုံမှာ ပစ္စည်းအသစ်မဝင်လာခင်အထိ အရောင်းအဝယ်စျေးကွက် ပျောက်နေမည်ဖြစ်သည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁,၄၅,၀၀၀ ပေါက်စျေးဖြင့် ဆက်လက်စျေးကျဆင်းနေသည်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်စျေးသာရှိနေပြီး နိုဝင်ဘာ ၃၀ ရက်တွင် ကုလားပဲ V2တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၅၅,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၅၈,၅၀၀ ပေါက်စျေးဖြင့် စျေးကျဆင်းနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄,၁၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄,၅၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၃၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၆၅,၀၀၀၊ မြေပဲ အနီလုံးဆန်(မြင်းမူ)တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀-၅၈၀၀ ပေါက်စျေးရှိသည်။

နှမ်းမျိုးစုံစျေးကွက်မှာ တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့လာတာကြောင့် နှမ်းမျိုးစုံအရောင်းအဝယ်သွက်နေရာ နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာတစ်အိတ်လျှင် ငွေ ကျပ် ၃,၃၅,၀၀၀၊ နှမ်းညို(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂,၉၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင်

ငွေကျပ် ၃,၃၅,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source:** မကွေးဂျာနယ်

## ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ပြည်ပသို့ရော်ဘာတန်ချိန် ၉၄၄၃၅ ကျော်တင်ပို့မှုမှ ဒေါ်လာ ၁၁၆ သန်းကျော်ရရှိ



၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ပြည်ပသို့ ရော်ဘာတန်ချိန် ၉၄၄၃၅ ကျော်တင်ပို့မှုမှ ဒေါ်လာ ၁၁၆ သန်း ကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကိုးကားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရှိရသည်။

၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရော်ဘာစိမ်းတင်ပို့မှုအနေဖြင့် တန်ချိန် ၉၄,၄၃၅ ဒသမ ၃၈ တင်ပို့မှုမှ ဒေါ်လာ ၁၁၆ ဒသမ ၇၉ သန်းရရှိခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ သန်းကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၅ သန်းနီးပါး ပိုမိုတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှဒေါ်လာ ၄၄၉ ဒသမ ၁၀၂ သန်းရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၂၆၄ ဒသမ ၄၄၂ သန်းရရှိခဲ့သည်။ အဆိုပါ ကာလတူနှစ်ခုကိုနှိုင်းယှဉ်ပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၄ ဒသမ ၆၆၀ သန်းပိုမိုရရှိခဲ့သည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံးစိုက်ပျိုးသည့်ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး၊ ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့နေပြီး ကျန်ရှိသည့်ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌အသုံးပြုလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ရော်ဘာကို တရုတ်ကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယစသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များစသည်ဖြင့် Supply Chain တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ သိရသည်။

**Source:** https://news-eleven.com/article/284902

## မွန်ပြည်နယ်ဒေသထွက် ဆားကြမ်း တန် ၆၀၀ ကျော်တင်ပို့ရန် ပြည်ပနိုင်ငံများမှ ကမ်းလှမ်းထားပြီး ပို့ကုန်လိုင်စင်ပြုလုပ်နေ

မွန်ပြည်နယ်ဒေသထွက် ဆားကြမ်း တန် ၆၀၀ ကျော်တင်ပို့ရန် ပြည်ပနိုင်ငံများမှကမ်းလှမ်းထားပြီး လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံသို့ တန် ၄၀ တင်ပို့နိုင်ရန် ပို့ကုန်လိုင်စင်ပြုလုပ်နေကြောင်း သတ္တုတွင်းဦးစီးဌာန၊ မွန်ပြည်နယ် ဆားလုပ်ငန်းဌာနခွဲ ဦးစီးမှူး ဦးခင်ဝင်း၏ပြောပြချက်အရ သိရသည်။



ရေးမြို့နယ် ပလိုင်ကီးကျေးရွာမှထွက်ရှိသည့် နေလှန်းဆားကြမ်းကိုတင်ပို့ရန် တောင်ကိုရီးယား ကုမ္ပဏီတစ်ခုနှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းကို စက်တင်ဘာလ နောက်ဆုံးပတ်က ဆောင်ရွက်ထားပြီး နမူနာအဖြစ် တန် ၂၀ ပါရှိသည့် ကွန်တိန်နာတစ်လုံးအား စမ်းသပ်တင်ပို့ပြီးနောက် လက်ရှိတွင် ထပ်မံတင်ပို့ရန် စီစဉ်နေခြင်းဖြစ်ကြောင်းသိရသည်။ "တောင်ကိုရီးယားနိုင်ငံက ထပ်ပြီးတင်ပို့ဖို့ ကမ်းလှမ်းထားတာကြောင့် ဆားကြမ်း တန် ၄၀ တင်ပို့ဖို့ပြင်ဆင်နေပါတယ်။ နောက်ထပ်သဘောတူညီချက်ရရင် ဆက်ပြီးတင်ပို့မှာပါ။ ပို့ကုန်လိုင်စင်ကတော့ ပြုလုပ်နေတုန်းပါပဲ" ဟု ဦးခင်ဝင်းက ပြောသည်။

ထို့ပြင် ဩဂုတ်လအတွင်းက မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် 'ပင'ကျေးရွာမှထွက်ရှိသည့် ဆားကြမ်း တန် ၂၀ ပါရှိသော ကွန်တိန်နာတစ်လုံးကို ဂျပန်နိုင်ငံသို့ စမ်းသပ်တင်ပို့ထားပြီးဖြစ်ကြောင်း သိရသည်။ "ဂျပန်နိုင်ငံကို ဧပြီလနဲ့ ဇူလိုင်လက ဆားကြမ်းနမူနာတင်ပို့ခဲ့ပြီး ကွန်တိန်နာတစ်လုံးထပ်မှာလို့ တင်ပို့ထားတယ်။ နောက်ထပ် တန် ၆၀၀ ထပ်မှာထားတာရှိတယ်။ စာချုပ်နဲ့တော့ အတိအကျမဟုတ်သေးဘူး" ဟု ဦးခင်ဝင်းကပြောသည်။

လက်ရှိ ဆားထုတ်လုပ်သည့် ရာသီချိန်ဖြစ်ပြီး အဆိုပါလုပ်ကွက်များမှ ဆားများ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် စတင်ထွက်ရှိမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်ရှိ ဆားလုပ်ကွက်များမှ ထွက်ရှိသည့်ဆားကြမ်းများကို ဒေသတွင်းသာမက တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့အထိ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ဒုတိယအများဆုံး ဆားထုတ်လုပ်သည့်ပြည်နယ်တစ်ခုဖြစ်သည့် မွန်ပြည်နယ်၌ ဆားကြမ်းနှင့်ဆားချောထုတ်လုပ်သည့် စက်ရုံ ၁၂ ရုံအထိရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/49141

## ဗီယက်နမ်ဒူးရင်းတင်ပို့မှု ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံသို့ စံချိန်သစ်တင်ရောက်ရှိ



တရုတ်နိုင်ငံမှ ဝယ်လိုအားမြင့်တက်လာမှုကြောင့် ဗီယက်နမ်ဒူးရင်းတင်ပို့မှုမှ ၂၀၂၃ ခုနှစ် ပထမ ၁၀ လအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံအထိ စံချိန်တင်ရရှိခဲ့သည်။

ဗီယက်နမ်သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအသင်း Vietnam Fruits & Vegetables Association (Vinafruit) ၏ အဆိုအရ ၎င်း ၁၀ လတာ ကာလအတွင်း ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံတင်ပို့မှုအားလုံး၏ စုစုပေါင်းတန်ဖိုးတွင် ၅၁ ရာခိုင်နှုန်းသည် ဒူးရင်းတင်ပို့ခြင်းဖြစ်သည်။

ဒူးရင်းတင်ပို့ခြင်း စုစုပေါင်းတန်ဖိုးတွင် ၉၄ ရာခိုင်နှုန်းသည် လတ်ဆတ်ဒူးရင်းသီးများ တင်ပို့ခြင်းဖြစ်ပြီး၊ ကျန်သည့် ၆ ရာခိုင်နှုန်းသည် အေးခဲနှင့်အခြောက်ခံထားသည့်ဒူးရင်းများ တင်ပို့ခြင်းဖြစ်သည်။

ဗီယက်နမ်ဒူးရင်းတင်ပို့မှု စုစုပေါင်းတန်ဖိုး၏ ၉၇ ရာခိုင်နှုန်းသည် တရုတ်ပြည်မှဝယ်ယူခြင်းဖြစ်ပြီး ကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံဖိုး ဝယ်ယူခဲ့သည်။ ချက်နိုင်ငံက ကန်ဒေါ်လာ ၁၀ သန်းဖိုး ဝယ်ယူခဲ့သည်။

တရုတ်နိုင်ငံသို့ ဒူးရင်းတင်ပို့မှုတွင် ဗီယက်နမ်သည် မလေးရှားနှင့်ဖိလစ်ပိုင်တို့ကို ကျော်တက်သွားခဲ့သည်။ ထိုင်းသည် အများဆုံးတင်ပို့သူအဖြစ် ဆက်လက်ရပ်တည်နေပြီး ဗီယက်နမ်သည် ဒုတိယအများဆုံးတင်ပို့သူဖြစ်သည်ဟု Vinafruit ၏ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က ပြောကြားသည်။

ဗီယက်နမ်ဒူးရင်းတင်ပို့မှုသည် ယခုနှစ်တွင် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံအထိရှိနိုင်မည်ဟု ပို့ကုန်လုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံရှိ ဒူးရင်းခြံဧရိယာသည် ၂၀၁၀ ခုနှစ်တွင် ဟက်တာ ၉၂,၀၀၀ မှ ယခုအခါ ၁၃၁,၀၀၀ သို့ တိုးလာခဲ့သည်။ ယခုနှစ်တွင် ဒူးရင်းတန်ချိန် ၁ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားကြသည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/7263-durain.html

## မိုဇမ်ဘစ်နှင့်ရေးထိုးထားသည့် ပဲစင်းငုံရောင်းဝယ်မှုသဘောတူညီချက်ကို အိန္ဒိယရုပ်သိမ်းဖွယ်ရှိ



အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံကုန်သည်လုပ်ငန်းရှင်များက ဝန်ကြီးချုပ်ရုံးသို့ အရေးဆို တင်ပြခဲ့ပြီးနောက် အစိုးရအနေဖြင့် မိုဇမ်ဘစ်နိုင်ငံနှင့် လက်မှတ်ရေးထိုးထားသော ပဲစင်းငုံတန်ချိန် ၂ သိန်း နှစ်စဉ် ဝယ်ယူတင်သွင်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြန်လည်ရုပ်သိမ်းဖွယ်ရှိကြောင်း Economic Times သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရပါသည်။ မိုဇမ်ဘစ်နိုင်ငံ၌ အဂတိလိုက်စားမှု ပြဿနာရပ်များ ပေါ်ပေါက်မှုနှင့် အတူ ပဲစင်းငုံများအား ပုံမှန်ပေးသွင်းတင်ပို့နိုင်မှုမရှိသည့် အခြေအနေဖြစ်ပေါ်လျက်ရှိရာ အိန္ဒိယနိုင်ငံအနေဖြင့် အဆိုပါ နားလည်မှုစာချွန်လွှာကိုပယ်ဖျက်ရေး စဉ်းစားရန်မှတပါး အခြားရွေးချယ်စရာမရှိတော့ဟု အမည်ဖော်ပြလိုခြင်းမရှိသော အစိုးရဌာနဆိုင်ရာ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA) ၏ ဥက္ကဋ္ဌဖြစ်သူ Bimal Kothari က မိုဇမ်ဘစ်နိုင်ငံ၌ စာရိတ္တ ပျက်ပြားသော အရာရှိအချို့သည် မိုဇမ်ဘစ်မှ အိန္ဒိယနိုင်ငံသို့ ပဲစင်းငုံများ တင်ပို့သည့်လုပ်ငန်းအား ပို့ကုန်လုပ်ငန်းရှင် တစ်ဦး တည်းကသာ ချုပ်ကိုင်နိုင်စေရန် ပူးပေါင်းလုပ်ဆောင်လျက်ရှိပုံကို ဝန်ကြီးချုပ်ရုံးသို့ စာရေးသားပေးပို့တင်ပြခဲ့ကြောင်း၊ အဆိုပါ အကျင့်ပျက်အရာရှိများနှင့် လက်ဝါးကြီးအုပ်ထားသည့် ပို့ကုန်လုပ်ငန်းရှင်၏ ဈေးကစားလုပ်ကိုင်မှုက ပဲစင်းငုံဈေးနှုန်းများကို မြင့်တက်စေခဲ့ကြောင်းဖြင့် ပြောဆိုပါသည်။

ပဲစင်းငုံများ တင်ပို့မှုမရှိသည့် အရေးကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယအစိုးရသည် မိုဇမ်ဘစ်အစိုးရ၏ ကိုယ်စားလှယ်များထံ အကြိမ်ကြိမ် သတိပေးပြောကြားခဲ့သော်လည်း ပြဿနာအားဖြေရှင်းနိုင်မှုမရှိခဲ့ကြောင်း၊ မိုဇမ်ဘစ်နိုင်ငံ၌ ပဲစင်းငုံကို အိန္ဒိယ နိုင်ငံ၏ ပြည်တွင်းဈေးကွက်လိုအပ်ချက်အား ဖြည့်ဆည်းရန်အတွက်သာ စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပြီး အခြားသော အဓိက ဝယ်လက်နိုင်ငံမရှိကြောင်း၊ ယင်းနိုင်ငံ၏ ဆိပ်ကမ်း၌ ပဲစင်းငုံပမာဏ အမြောက်အမြား စုပုံထားရှိခြင်းကြောင့် အိန္ဒိယနိုင်ငံရှိ ပဲတင်သွင်းသူများက အရေးဆိုခဲ့ကြခြင်းဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၌ ကာနာတကာ၊ အန္ဒြာပရာဒေ့ရှ်၊ တဲလန်ဂါနာ စသည့် မိုးကောင်းသောက် ပဲစင်းငုံစိုက်ပျိုးရာပြည်နယ်များတွင် ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီအတွင်း မုတ်သုံမိုးရွာသွန်းမှု ပုံပျက်ယွင်းခြင်းနှင့် သီးနှံရောဂါကျရောက်ခြင်းကြောင့် ယခုနှစ် ပဲစင်းငုံဈေးနှုန်းများမှာ မြင့်တက်ခဲ့ကြောင်း၊ လက်ရှိကာလ၌ ကာနာတကာပြည်နယ်ရှိ Koppal နှင့် Gulbarga ဒေသများမှ ပဲစင်းငုံများ စတင်ရိတ်သိမ်းထွက်ရှိလာပြီဖြစ်၍ ဈေးနှုန်းများ ကျဆင်းစပြုလာပြီဖြစ်ကြောင်း Economic Times သတင်းဌာနက ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံ၊ ကုလားပဲနှင့်ပဲတီစိမ်းတို့၏ဈေးနှုန်းများ ထူးကဲစွာမြင့်မားမှုကြောင့် နှစ်အလိုက်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ပဲမျိုးစုံအုပ်စု၏ ဈေးနှုန်းဖောင်းပွမှု မှာ ၁၈ ဒသမ ၇၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရှိရ သည်။

**Source: Economic Times, 23 Nov 2023 (လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_01122023_155

# STOCK EXCHANGE (4.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Dec. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,729 (Shares) | 11,595,150 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,300 | 8,600 | 8,300 | 160 | 1,330,100 | 33,109,694 | 284,743 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,076 | 3,120,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +200 | +2.82% | 7,000 | 7,300 | 7,000 | 189 | 1,327,500 | 10,400,986 | 75,927 |
| FPB | 00004 | 1,600 | +50 | +3.23% | 1,550 | 1,600 | 1,550 | 1,801 | 2,881,550 | 29,664,613 | 47,463 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,400 | 408 | 979,600 | 12,823,224 | 31,417 |
| EFR | 00006 | 2,000 | -50 | -2.44% | 2,000 | 2,000 | 2,000 | 55 | 110,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 40 | 196,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 1,000 | 1,650,000 | 23,804,946 | 39,278 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 4th Dec. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 362.17 | -1.03 | -0.28% | 355.01 | 362.17 | 354.46 | 4,729 | 11,595,150 | 8 | 683,116 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 4th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 4,729 (Shares) | 11,595,150 (MMK) |

## Main Board

As of 1:00 pm, 4th Dec. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,729 (Shares) | 11,595,150 (MMK) |

| MYANPIX | 362.17 ▼ 1.03 |
|---|---|
| Total Volume (shares) | 4,729 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 683,116 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 200 |
| FPB | 00004 | 1,600 | ▲ 50 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,000 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,650 | ▼ 50 |